
ပိုမိုကောင်းမွန်သော စီးပွားရေး
နည်းလမ်း အလေ့အထများ
P. ၃၆ - ၅၁

# ပိုမိုကောင်းမွန်သော စီးပွားရေးနည်းလမ်း အလေ့အထများ

လက်ရှိအချိန်တွင် မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်များ၏ သက်ရောက်မှုများကို ဆက်လက်ရင်ဆိုင်နေရပြီး ရာသီဥတုပြောင်းလဲမှုဒဏ်ကို အလွန်အမင်း ရင်ဆိုင်နေရသော အခြေအနေတွင် ရှိနေပါသည်။ ထို့ကြောင့် မြန်မာ့သြဘာလုပ်ငန်းစုအနေဖြင့် ရေရှည်တည်တံ့ပြီး တာဝန်ယူမှုရှိသော စီးပွားရေးအလေ့အထများသည် ယခင်ကထက် ပိုမိုလုပ်ဆောင်ရန် အရေးကြီးသည်ဟု ယုံကြည်ပါသည်။ ထို့ကြောင့် မြန်မာ့သြဘာလုပ်ငန်းစုသည် မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုများကြောင့် ဖြစ်ပေါ်သော ပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရန် သာမက ထောက်ပံ့ရေးကွင်းဆက်တစ်ခုလုံးတွင် အသိပညာပေးရန်နှင့် လုပ်ဆောင်ချက်များကို တွန်းအားပေးရန်လည်း ကတိပြုပါသည်။

## ရေရှည်တည်တံ့သော စီးပွားရေးအလေ့အထများကို မြှင့်တင်ရန် စတင်ဆောင်ရွက်ခြင်း

မြန်မာ့သြဘာလုပ်ငန်းစုသည် လုပ်ငန်းဆောင်ရွက်မှုများအတွင်း ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုနှင့် တာဝန်ယူမှုရှိသော စီးပွားရေးအလေ့အထများကို တွန်းအားပေးဆောင်ရွက်နေသော ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုများကို ဂုဏ်ပြုရန်အတွက် Better MAG Award အစီအစဉ်ကို စတင်ခဲ့ပါသည်။ ဤအစီအစဉ်တွင် ဆုအမျိုးအစား လေးမျိုး ပါဝင်သည်-

**Better Farming Award**

ဤဆုသည် စိုက်ပျိုးရေးသမားများအနက်မှ စွန့်ပစ်ပစ္စည်းနှင့် ရေများအား တာဝန်ယူမှုတာဝန်ခံမှုရှိစွာ ရေရှည်ခိုင်မြဲရေး စီမံခန့်ခွဲမှုနည်းလမ်းများကို အသုံးပြုပြီး၊ မြေဆီလွှာအရည်အသွေးနှင့် ဝတ်မှုန်ကူးခြင်းကဲ့သို့ အရေးကြီးသော သဘာဝအရင်းအမြစ်ကာကွယ်ထိန်းသိမ်းသူများကို အသိအမှတ်ပြု ချီးမြှင့်ခြင်း ဖြစ်ပါသည်။

**Better Distributor Award**

ဤဆုသည် မြန်မာ့သြဘာလုပ်ငန်းစု၏ ရေရှည်တည်တံ့ခိုင်မြဲရေး ရည်မှန်းချက်များကို တက်ကြွစွာ ပံ့ပိုးကူညီနေသော ဖြန့်ဖြူးသူများကို အသိအမှတ်ပြု ချီးမြှင့်ခြင်းဖြစ်ပါသည်။ ထို့အပြင် မြန်မာ့သြဘာလုပ်ငန်းစုမှ ပံ့ပိုးပေးမှုထက်ကို ကျော်လွန်၍ တောင်သူလယ်သမားများအပေါ် စောင့်ရှောက်ကြင်နာမှု ပြသနိုင်ပြီး အဖိုးတန် အကြံပြုချက်များ ပံ့ပိုးပေးသူများသူများနှင့် ဒေသခံ လူမှုအသိုင်းအဝိုင်းများအား ပါဝင်ကူညီပံ့ပိုးသူများလည်း ပါဝင်ပါသည်။

**Better Innovation Award**

ဤဆုသည် မြန်မာ့သြဘာလုပ်ငန်းစု၏ အဖွဲ့အစည်းများအနက်မှ ဝယ်ယူမှုဖွံ့ဖြိုးတိုးတက်ရေး (procurement)၊ စနစ်များ၊ မူဝါဒများ၊ ထုတ်ကုန်ဒီဇိုင်း၊ ဈေးကွက်ချဲ့ထွင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍများတွင် ဆန်းသစ်တီထွင်မှုနှင့် ဖန်တီးနိုင်စွမ်း ရှိသူများကို အသိအမှတ်ပြုချီးမြှင့်ခြင်း ဖြစ်ပါသည်။ ထို့အပြင် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုကို လျှော့ချနိုင်သော အယူအဆများ၊ ရေရှည်တည်တံ့ခိုင်မြဲရေးကို မြှင့်တင်သော အကြံဉာဏ်ပေးသူများလည်း ပါဝင်ပြီးသုံးစွဲသူများနှင့် သဘာဝပတ်ဝန်းကျင် နှစ်ခုလုံး၏ လုံခြုံရေးကို အာမခံပေးနိုင်သော လုပ်ဆောင်မှုများလည်း ပါဝင်ပါသည်။

**Better Employee Award**

ဤဆုသည် အဆင့်အားလုံးရှိ ပုဂ္ဂိုလ်များအား အသိအမှတ်ပြုချီးမြှင့်ခြင်းဖြစ်ပြီး ၎င်းတို့သည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆောင်ရွက်မှုများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်သူ၊ လူတိုင်းပါဝင်နိုင်သော လုပ်ငန်းခွင်အသိုင်းအဝိုင်းကို ထောက်ခံအားပေးသူနှင့် ၎င်းတို့၏ လုပ်ငန်းခွင် သို့မဟုတ် တစ်ဦးချင်း ကြိုးပမ်းအားထုတ်မှုများမှတစ်ဆင့် လူမှုအသိုင်းအဝိုင်းအတွက် ပံ့ပိုးကူညီသူများ ဖြစ်ကြပါသည်။



မြန်မာ့သြဘာလုပ်ငန်းစုသည် မိမိတို့၏ အွန်လိုင်းနှင့် ဆိုရှယ်မီဒီယာချန်နယ်များမှတစ်ဆင့် ဤအစီအစဉ်ကို ကြေငြာခဲ့ပါသည်။ လျှောက်လွှာပေါင်း ၁၀၀ နီးပါးကို လက်ခံရရှိခဲ့ပြီး ၎င်းတို့ကို သီးခြားကော်မတီတစ်ခုမှ စိစစ်ရွေးချယ် အကဲဖြတ်ခဲ့ပါသည်။ ထို့အပြင်မြန်မာ့သြဘာလုပ်ငန်းစု၏ ရေရှည်တည်တံ့မှုအဖွဲ့သည် လျှောက်ထားသူများ၏ ကျင့်သုံးမှုများကို အကဲဖြတ်ရန် လိုအပ်သည့် အချက်အလက်များ စုဆောင်းရန်အတွက် လျှောက်ထားသူအားလုံးနှင့်လည်း ထိတွေ့ဆက်ဆံခဲ့ပါသည်။ ထိုလုပ်ငန်းစဉ်အတွင်း မြန်မာ့သြဘာလုပ်ငန်းစု၏ အဖွဲ့အစည်းအတွင်းရှိ ဌာနအသီးသီးမှ အဖွဲ့များသည် တောင်သူဦးကြီးများ၊ ဖြန့်ဖြူးသူများနှင့် ထိတွေ့ဆက်ဆံရန် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ မြန်မာ့သြဘာလုပ်ငန်းစုသည် ဆန်ခါတင်အဆင့် ၁၆ ဦးကို ရွေးချယ်ခဲ့ပြီး နောက်ဆုံးအကဲဖြတ်မှုအရ ဆုရရှိသူများကို ရွေးချယ်ခဲ့ပါသည်။ ၎င်းဆုများမှာ စိုက်ပျိုးရေးဆုအတွက် ၂ ဆု၊ ဖြန့်ဖြူးသူဆုအတွက် ၁ ဆု၊ ဆန်းသစ်တီထွင်မှုဆုအတွက် ၁ ဆု၊ နှင့် ဝန်ထမ်းဆုအတွက် ၁ ဆုတို့ ဖြစ်ပါသည်။ ဤကဲ့သို့ယှဉ်ပြိုင်သူများ၏ ပူးပေါင်းပါဝင်မှုအတွက် အတွက် မြန်မာ့သြဘာလုပ်ငန်းစုမှ ကျေးဇူးတင်လျက်ရှိပြီး ယခုကဲ့သို့ နောင်လာမည့် ပြိုင်ပွဲအစီအစဉ်များအတွက်ကိုလည်း မျှော်လင့်နေပါသည်။





## Dr. Aye Myat Mon

Ywa Ngan Township,
Southern Shan State

ကျွန်မကတော့ ဒေါက်တာအေးမြတ်မွန် ဖြစ်ပြီး ရှမ်းပြည်နယ်တောင်ပိုင်း၊ ရွာငံမြို့နယ်က ဖြစ်ပါတယ်။ ကျွန်မရဲ့စိုက်ခင်းဖြစ်တဲ့ မြေဧက ၃၀ ကနေ ၄၀ အတွင်းမှာ ခရမ်းချဉ်သီး၊ ငရုတ်သီး၊ သစ်သီးဝလံ အမျိုးမျိုးနဲ့ ကော်ဖီပင်ပေါင်း ၃၀,၀၀၀ ခန့်ကို အောင်မြင်စွာ စိုက်ပျိုး စီမံနေပါတယ်။ ကျွန်မကိုယ်တိုင်က ဆရာဝန်တစ်ဦး ဖြစ်တဲ့အတွက် စိုက်ပျိုးရေးထုတ်ကုန်တွေ အများကြီး ထုတ်လုပ်နိုင်ဖို့ထက် အစားအစာ ဘေးကင်းလုံခြုံရေးကို ပိုပြီး အာရုံစိုက်နေပါတယ်။

၂၀၂၂ ခုနှစ်ကစပြီး လက်ရှိစိုက်ပျိုးရေး လုပ်ငန်းကို လုပ်ကိုင်ရင်း အမြတ်ရှာဖွေခြင်းထက် ရေရှည်တည်တံ့ခိုင်မြဲမှုကိုပဲ ကျွန်မအနေနဲ့ အပြည့်အဝ အာရုံစိုက်ခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရေရှည်တည်တံ့တဲ့လုပ်ငန်းစဉ်တွေက ကျွန်မဝန်ထမ်းတွေရဲ့ ဘဝရပ်တည်မှုကို တိုက်ရိုက်နဲ့ အပြုသဘောဆောင်စွာ သက်ရောက်မှုရှိလို့ပါပဲ။ ဒါ့အပြင် ဒီလိုမျိုး သဘာဝပတ်ဝန်းကျင်ကို ဦးစားပေးဆောင်ရွက်နေတာက ယနေ့တာကာလတိုမှာ အောင်မြင်ဖို့အတွက်ပဲ မဟုတ်ဘဲ အရင်းအမြစ်တွေကိုထိန်းသိမ်းရာရောက်ပြီး နောင်လာမည့် မျိုးဆက်သစ်တွေအတွက်လည်း ပိုမိုကျန်းမာတဲ့ အနာဂတ်ကိုတည်ဆောက်ပေးနိုင်ဖို့အတွက်လည်း ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ လူမှုအသိုင်းအဝိုင်းကို ပံ့ပိုးကူညီရမယ်လို့ ယုံကြည်တဲ့အတွက် လက်ရှိမှာ အမြဲတမ်းနဲ့ အချိန်ပိုင်းလုပ်သား ၆၀ ကနေ ၈၀ အထိ အလုပ်ခန့်ထားပြီး ကျွန်မအဖွဲ့ရဲ့ အများစုဟာ အမျိုးသမီးတွေ ဖြစ်ကြပါတယ်။ ကျွန်မရဲ့ ဝန်ထမ်းတွေအတွက် ဆေးဖိုးဝါးခ၊ သင့်လျော်တဲ့ နေထိုင်စရာနဲ့ အလှူအတန်းတွေအတွက် ချေးငွေစတဲ့ ပြည့်စုံတဲ့ ခံစားခွင့်တွေကိုလည်း သေချာပံ့ပိုးပေးထားပါတယ်။

လက်ရှိမှာ မြန်မာ့သြဘာလုပ်ငန်းစုရဲ့ ထုတ်ကုန်တွေကို နွားချေးနဲ့ တွဲဖက်အသုံးပြုနေပေမယ့် ကျွမ်းကျင်လုပ်သားရှာဖွေရခက်ခဲတာနဲ့ ရင်းနှီးမြှုပ်နှံမှုလိုအပ်တာ စတဲ့စိန်ခေါ်မှုတွေ ရှိနေတဲ့တိုင်အောင် အော်ဂဲနစ်စိုက်ပျိုးရေးအဖြစ် အပြည့်အဝကူးပြောင်းနိုင်ဖို့က ကျွန်မရဲ့ ရည်မှန်းချက် ဖြစ်ပါတယ်။

ဒီကြိုးပမ်းအားထုတ်မှုကနေပြီးတော့ Better MAG Award ထူးချွန်ဆုကို ရရှိတဲ့အတွက် ကျေးဇူးတင်ရှိသလို၊ Better MAG Award ကနေ မြန်မာ့သြဘာလုပ်ငန်းစုအနေနဲ့ ကျွန်မတို့လို အခြေခံတောင်သူတွေကို တိုက်ရိုက်အသိအမှတ်ပြုပေးနေတယ်လို့ ခံစားရတဲ့အတွက်လည်း မြန်မာ့သြဘာလုပ်ငန်းစုကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ ဒါ့အပြင် ငလျင်တုန်းကလိုမျိုး သဘာဝဘေးအန္တရာယ်တွေကြုံတွေ့စဉ်ကာလတွေမှာ လူမှုအသိုင်းအဝိုင်းကို ကူညီပံ့ပိုးပေးတဲ့ မြန်မာ့သြဘာလုပ်ငန်းစုရဲ့ ကြိုးပမ်းမှုတွေအတွက်လည်း မြန်မာ့သြဘာလုပ်ငန်းစုက ထုတ်ကုန်တွေကို အသုံးပြုနေတဲ့ တောင်သူတစ်ဦးအနေနဲ့ ဂုဏ်ယူမိပါတယ်။

> “သဘာဝပတ်ဝန်းကျင်ကို ဦးစားပေးဆောင်ရွက်နေတာက ယနေ့တာကာလတိုမှာ အောင်မြင်ဖို့အတွက်ပဲ မဟုတ်ဘဲ အရင်းအမြစ်တွေကို ထိန်းသိမ်းရာရောက်ပြီး နောင်လာမည့် မျိုးဆက်သစ်တွေအတွက်လည်း ပိုမိုကျန်းမာတဲ့ အနာဂတ်ကိုတည်ဆောက်ပေးနိုင်ဖို့အတွက်လည်း ဖြစ်ပါတယ်။ ”





## Zaw Tun Oo

Mai Lin Village,
Hsipaw Township,
Northern Shan State

ကျွန်တော့်နာမည်ကတော့ ဇော်ထွန်းဦးဖြစ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်း၊ သီပေါမြို့နယ်၊ မိုင်းလင်းကျေးရွာက ဖြစ်ပါတယ်။ ကျွန်တော်ဟာ ကြိုးကြာပျံ စိုက်ပျိုးရေးဝန်ဆောင်မှုနှင့် လယ်ယာလုပ်ငန်းစု ကုမ္ပဏီလီမိတက် (Kyoe Kyar Pyan Agricultural Service and Farming Group Company Ltd.) ရဲ့ တည်ထောင်သူ ဖြစ်ပါတယ်။

လက်ရှိမှာ ကျွန်တော့်အနေနဲ့ ဒေသခံတောင်သူတွေအတွက် စိုက်ပျိုးထုတ်လုပ်ရာ နေရာတစ်ခုအဖြစ်ရော၊ လေ့လာသင်ယူရာ ဗဟိုဌာနအဖြစ်ပါ အသုံးပြုနိုင်မယ့် စံပြစိုက်ခင်းတစ်ခုကို လုပ်ကိုင်ဆောင်ရွက်နေပါတယ်။ ကျွန်တော့်ရဲ့ အဓိကလုပ်ဆောင်ချက်တွေကတော့ မြေဆီလွှာကျန်းမာရေးကို ထိန်းသိမ်းဖို့နဲ့ ရေရှည်တည်တံ့ခိုင်မြဲမှုရှိစေဖို့ သီးနှံအလှည့်ကျစိုက်ပျိုးနည်းကို အသုံးပြုပြီး ခရမ်းချဉ်သီးနဲ့ ငရုတ်သီးအပါအဝင် ဟင်းသီးဟင်းရွက်တွေကို တစ်နှစ်ပတ်လုံး စိုက်ပျိုးထုတ်လုပ်ခြင်းတို့ပဲ ဖြစ်ပါတယ်။

ကျွန်တော့်ရဲ့လုပ်ငန်းမှာ နှစ်စဉ် ဒေသခံလုပ်သား ၃၀ ခန့်ကို အလုပ်ခန့်ထားလျက်ရှိပြီးတော့ အလုပ်ခန့်ထားရာမှာလည်း အမျိုးသမီးတွေကို ဦးစားပေးခြင်းအားဖြင့် အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်ရေးကိုလည်း အထူးပြုလုပ်ဆောင်လျက်ရှိပါတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်ကျော်ကတည်းက တီကောင်မွေးမြူရေးနဲ့ အခြားသဘာဝအရင်းအမြစ်တွေကို အသုံးပြုပြီး သဘာဝမြေသြဇာတွေကို ကိုယ်တိုင်ထုတ်လုပ်သုံးစွဲခဲ့တဲ့အတွက် ဓာတုပစ္စည်းသုံးစွဲမှုကို သိသိသာသာ လျှော့ချနိုင်ခဲ့ပြီး သဘာဝပတ်ဝန်းကျင်နဲ့ ရေရှည်တည်တံ့တဲ့ စိုက်ပျိုးရေးစနစ်ကို မြှင့်တင်နိုင်ခဲ့ပါတယ်။

ကျွန်တော့်ရဲ့ ရည်မှန်းချက်ကတော့ စိုက်ပျိုးရေးထုတ်ကုန်တွေကို ဈေးကွက်နဲ့ တိုက်ရိုက်ချိတ်ဆက်နိုင်ဖို့နဲ့ ဗဟုသုတမျှဝေခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတွေကတစ်ဆင့် တောင်သူတွေအကြား ပူးပေါင်းပါဝင်မှုကို ပိုမိုအားကောင်းလာစေဖို့ပဲ ဖြစ်ပါတယ်။

ဒီကြိုးပမ်းဆောင်ရွက်ချက်တွေကနေတဆင့် Better MAG Awards ရဲ့ Better Farming ကဏ္ဍမှာ ထူးချွန်ဆု ရရှိခဲ့တဲ့အတွက် အထူးကျေးဇူးတင်ရှိပါတယ်။

> “လက်ရှိမှာ ကျွန်တော့်အနေနဲ့ ဒေသခံတောင်သူတွေအတွက် စိုက်ပျိုးထုတ်လုပ်ရာ နေရာတစ်ခုအဖြစ်ရော၊ လေ့လာသင်ယူရာ ဗဟိုဌာနအဖြစ်ပါ အသုံးပြုနိုင်မယ့် စံပြစိုက်ခင်းတစ်ခုကို လုပ်ကိုင်ဆောင်ရွက်နေပါတယ်။ ”



## Win Tun

Yay Tar Shay,
Taung Ngu District
Eastern Bago

ကျွန်တော့်နာမည်ကတော့ ဝင်းထွန်းဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်း၊ တောင်ငူခရိုင်၊ ရေတာရှည်မှာ အခြေစိုက်ပြီး လွန်ခဲ့တဲ့ ၅ နှစ်ခန့်ကတည်းက ဆိုင်ဖွင့်လုပ်ကိုင်နေတာဖြစ်ကာ ဝိစာရထုတ်ကုန်တွေကို အဓိကထား ရောင်းချပါတယ်။

လက်ရှိမှာတော့ တောင်သူတွေအတွက် ကျွန်တော်တို့ရဲ့ လူမှုအသိုင်းအဝိုင်းအတွက် မရှိမဖြစ်လိုအပ်တဲ့ အသိပညာတွေကို ပြောကြားပြီးတော့၊ သဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေး၊ အသုံးပြုပြီးသား ထုတ်ကုန်တွေကို စနစ်တကျ စွန့်ပစ်ရေး၊ ထုတ်ကုန်တွေရဲ့ အန္တရာယ်နဲ့ အရေးကြီးတဲ့ ဘေးကင်းလုံခြုံရေး အစီအမံတွေကို တောင်သူတွေကို သင်ကြားပေးနေပါတယ်။ ဒီလိုမျိုးသင်ကြားပေးနေတာ အခုဆိုရင်တော့ ကျွန်တော်ကိုယ်တိုင် တောင်သူ ၂၀ ကနေ ၃၀ ခန့်ကို သင်တန်းပေးခဲ့ပြီးပြီဖြစ်ပြီးတော့ လွန်ခဲ့တဲ့ နှစ်အနည်းငယ်ကဆိုရင် မြေဆီလွှာ pH တိုင်းတာခြင်းတွေကိုပါ ကူညီလုပ်ဆောင်ပေးခဲ့ပါတယ်။ ဒီလိုမျိုးသင်ကြားပေးနေရင်း ကျွန်တော်ကိုယ်တိုင်လည်း ပြောင်းလဲလာသော ရာသီဥတုနဲ့ တိုးတတ်လာသော စိုက်ပျိုးရေး နည်းပညာများကို မျက်ခြေမပျက်စေဖို့အတွက် စိုက်ပျိုးရေးနည်းပညာသင်တန်းများ တတ်ရောက်ခြင်း၊ နည်းပညာစာအုပ်များဝယ်ယူဖတ်ရှုခြင်း၊ Online ပေါ်ကနေ နည်းပညာများကို လေ့လာခြင်း စသည်တို့ကို စဉ်ဆက်မပျက်လေ့လာလျက် ရှိပါတယ်။ မြေဆီလွှာ ကျန်းမာရေး ပိုမိုကောင်းမွန်စေဖို့ကိုလည်း တောင်သူတွေကို စိုက်ပျိုးရေးမပြုလုပ်မီ နွားချေးကို သဘာဝမြေသြဇာအဖြစ် အသုံးပြုဖို့ ကျွန်တော် အမြဲတမ်း အကြံပြုလျက်ရှိပါတယ်။

ဘေးကင်းလုံခြုံရေးဟာ ကျွန်တော့်အတွက် ဦးစားပေးဖြစ်တဲ့အတွက် မြန်မာ့သြဘာလုပ်ငန်းစုက ပေးအပ်တဲ့ ဘေးကင်းရေးလမ်းညွှန်ချက်တွေကို ဂရုတစိုက်လိုက်နာလျက်ရှိပြီး ဓာတုမြေသြဇာတွေကို အခြားပစ္စည်းတွေနဲ့ သီးသန့်ခွဲပြီး သေချာစွာ သိမ်းဆည်းထားပါတယ်။ ကျွန်တော့်လုပ်ငန်းကို မြန်မာ့သြဘာလုပ်ငန်းစုရဲ့ ပိုမိုကျယ်ပြန့်တဲ့ ရေရှည်တည်တံ့ခိုင်မြဲရေး ရည်မှန်းချက်နဲ့ ကိုက်ညီအောင်လည်း တောင်သူတွေကို ပညာပေးခြင်း၊ ဘေးကင်းလုံခြုံရေး သတိပြုမိစေဖို့နဲ့ ထုတ်ကုန်တွေကို တာဝန်သိစွာ အသုံးပြုစေဖို့တို့ကို အသိပညာပြောကြားရင်းကနေတစ်ဆင့် တက်ကြွစွာ လုပ်ဆောင်နေပါတယ်။

ကျွန်တော့်ရဲ့ ယခုလို ကြိုးပမ်းအားထုတ်မှုတွေကနေတစ်ဆင့် Better MAG Award ကနေ Better Distributor ကဏ္ဍမှာ ထူးချွန်ဆုရရှိတဲ့အတွက် ကျွန်တော် အလွန်ပဲ ဝမ်းသာမိပါတယ်။ ကျွန်တော့်လိုမျိုး ကြိုးပမ်းအားထုတ်မှုတွေကို ပြသနိုင်အောင်လို့ နောက်နောင်မှာ ပြုလုပ်သွားမည့် ယခုလိုပွဲတွေမှာလည်း အခြားတောင်သူလယ်သမားတွေနဲ့ ဖြန့်ဖြူးရောင်းချသူတွေကိုလည်း ပါဝင်ဆင်နွှဲသွားဖို့ကိုလည်း အကြံပြုလိုပါတယ်။

> “ဘေးကင်းလုံခြုံရေးဟာ ကျွန်တော့်အတွက် ဦးစားပေးဖြစ်တဲ့အတွက် မြန်မာ့သြဘာလုပ်ငန်းစုက ပေးအပ်တဲ့ ဘေးကင်းရေးလမ်းညွှန်ချက်တွေကို ဂရုတစိုက်လိုက်နာလျက်ရှိပြီး ဓာတုမြေသြဇာတွေကို အခြားပစ္စည်းတွေနဲ့ သီးသန့်ခွဲပြီး သေချာစွာ သိမ်းဆည်းထားပါတယ်။”





## Soe Thiha Zaw

Village Link Co.,Ltd

ကျွန်တော့်နာမည် စိုးသီဟဇော်ဖြစ်ပြီးတော့ Better MAG Award ကို Better Innovation ကဏ္ဍအတွက် Village Link ကို ကိုယ်စားပြုပြီးတော့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ အဲကနေပြီးတော့ Better Innovation ကဏ္ဍမှာ ထူးချွန်ဆု ရရှိတဲ့အတွက် အထူးပဲ ဂုဏ်ယူမိပါတယ်။

ကျွန်တော်ဟာ ခေတ်မီပြီး သဘာဝပတ်ဝန်းကျင်နဲ့ လိုက်ဖက်တဲ့ ငါးမွေးမြူရေးနည်းပညာတွေကတစ်ဆင့် ဧရာဝတီနဲ့ ရန်ကုန်တိုင်းဒေသကြီးတွေမှာ ရေလုပ်ငန်း ရေရှည်တည်တံ့ခိုင်မြဲမှုကို အားကောင်းလာစေဖို့ လုပ်ဆောင်လျက်ရှိပါတယ်။ ကျွန်တော်ဟာ လက်တွေ့သင်တန်းတွေ ပို့ချပေးပြီး ယင်မည်း (black soldier fly) မွေးမြူခြင်းလိုမျိုး အခြားဝင်ငွေရလမ်းတွေကို မြှင့်တင်ပေးခြင်းဖြင့် အမျိုးသမီးတွေကို စွမ်းဆောင်ရည် မြှင့်တင်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ‘ထွက်တိုး’ အက်ပ်ကနေတစ်ဆင့် အစာတွက်ချက်မှု၊ ဈေးကွက်ပေါက်ဈေးတွေ၊ အကြံပေးချက်တွေနဲ့ ဗဟုသုတမျှဝေတဲ့ ဖိုရမ်တွေ အစရှိတဲ့ လက်တွေ့အသုံးကျတဲ့ ဒစ်ဂျစ်တယ်ကိရိယာတွေကိုလည်း ပံ့ပိုးပေးထားပါတယ်။

ကျွန်တော်ဟာ ငွေချေးတဲ့ အဖွဲ့အစည်းတွေနဲ့လည်း ပူးပေါင်းပြီးတော့ တောင်သူတွေအတွက် ငွေကြေးအထောက်အပံ့တွေ ရရှိနိုင်ဖို့ကိုလည်း ချိတ်ဆက်ကူညီပေးနေပါတယ်။ ရေအရည်အသွေးကို အချိန်နဲ့တစ်ပြေးညီ စောင့်ကြည့်နိုင်ဖို့ ဆိုလာ IoT ကိရိယာတွေကို အသုံးပြုထားပြီး အက်ပ်ပေါ်ကနေတစ်ဆင့်လည်း အစဉ်မပြတ် ပံ့ပိုးကူညီမှုတွေ ပေးနေပါတယ်။

နည်းပညာ၊ လက်တွေ့သင်တန်း၊ ငွေကြေးအထောက်အပံ့နဲ့ လူမှုအသိုင်းအဝိုင်း စွမ်းဆောင်ရည်မြှင့်တင်ခြင်းတို့ကို ပေါင်းစပ်ပြီးတော့ ဒေသခံတွေရဲ့ ဘဝရပ်တည်မှုကို တိုးတက်စေဖို့နဲ့ မြန်မာ့သြဘာလုပ်ငန်းစုရဲ့ ရည်မှန်းချက်တွေနဲ့ ကိုက်ညီတဲ့ အားလုံးပါဝင်နိုင်တဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ယူမှုရှိတဲ့ တိုးတက်မှုကို ဖော်ဆောင်ဖို့ ကျွန်တော် ရည်မှန်းထားပါတယ်။

> “နည်းပညာ၊ လက်တွေ့သင်တန်း၊ ငွေကြေးအထောက်အပံ့နဲ့ လူမှုအသိုင်းအဝိုင်း စွမ်းဆောင်ရည်မြှင့်တင်ခြင်းတို့ကို ပေါင်းစပ်ပြီးတော့ ဒေသခံတွေရဲ့ ဘဝရပ်တည်မှုကို တိုးတက်စေဖို့နဲ့ မြန်မာ့သြဘာလုပ်ငန်းစုရဲ့ ရည်မှန်းချက်တွေနဲ့ ကိုက်ညီတဲ့ အားလုံးပါဝင်နိုင်တဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ယူမှုရှိတဲ့ တိုးတက်မှုကို ဖော်ဆောင်ဖို့ ကျွန်တော် ရည်မှန်းထားပါတယ်။”



**Kyaw Moe**

MAHA Agriculture Private Co.,Ltd

ကျွန်တော့်နာမည်ကတော့ ကျော်မိုးဖြစ်ပြီး Better MAG Awards ကို Better Employee Award ကဏ္ဍအတွက် ကျွန်တော်အလုပ်လုပ်နေတာ ၇ နှစ်ရှိပြီဖြစ်တဲ့ မဟာစိုက်ပျိုးရေးအသေးစားငွေရေးကုမ္ပဏီကို ကိုယ်စားပြုပြီးတော့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။

လက်ရှိမှာတော့ ကျွန်တော်ဟာ ESG ဌာနမှာ Assistant ESG Manager အဖြစ် တာဝန်ထမ်းဆောင်နေပါတယ်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလကစပြီး ကုမ္ပဏီမှာ 'တစ်ခါသုံးပလတ်စတစ် အဆုံးသတ်ရေး' အစီအစဉ်ကို ကျွန်တော် အောင်မြင်စွာ ဦးဆောင်ခဲ့ပါတယ်။ ကျွန်တော့်ရဲ့ အဓိကလုပ်ဆောင်ချက်တွေကတော့ အသိပညာပေးတာ၊ ပြန်လည်အသုံးပြုနိုင်တဲ့ အစားထိုးပစ္စည်းတွေ ပံ့ပိုးပေးတာနဲ့ ပလတ်စတစ်လျှော့ချရေး မူဝါဒတွေကို စည်းကမ်းတကျ အကောင်အထည်ဖော်တာတွေပဲ ဖြစ်ပါတယ်။ ဒီကြိုးပမ်းမှုတွေကနေတစ်ဆင့် ပလတ်စတစ်အမှိုက်တွေကို သိသိသာသာ လျှော့ချနိုင်ခဲ့ပြီး ရေရှည်တည်တံ့ခိုင်မြဲမှုအပေါ် ဝန်ထမ်းများ၏ ကတိကဝတ်အား ပိုမိုခိုင်မာစေကာ သဘာဝပတ်ဝန်းကျင်နဲ့ လိုက်ဖက်တဲ့ လုပ်ငန်းခွင်ယဉ်ကျေးမှုတစ်ခုကို တည်ဆောက်နိုင်ခဲ့ပါတယ်။

ကျွန်တော်ဟာ ရေရှည်တည်တံ့ခိုင်မြဲရေးကို စိတ်အားထက်သန်ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ယူမှုအကြောင်းကို ကောင်းစွာ နားလည်သဘောပေါက်ထားပါတယ်။ အားလုံးပါဝင်နိုင်ပြီး သဘာဝပတ်ဝန်းကျင်ကို ဂရုစိုက်တဲ့ လုပ်ငန်းခွင်တစ်ခု ဖန်တီးပေးခြင်းအားဖြင့် ကျွန်တော်တို့ရဲ့ နေ့စဉ်လုပ်ငန်းစဉ်တွေမှာ တကယ့်အပြုသဘောဆောင်တဲ့ အပြောင်းအလဲတွေကို ဖော်ဆောင်နေပြီး၊ ဒါဟာ မြန်မာ့သြဘာလုပ်ငန်းစုရဲ့ ရည်မှန်းချက်တွေနဲ့လည်း အတိအကျ ကိုက်ညီနေတယ်လို့ ယုံကြည်ပါတယ်။

ဒီကြိုးပမ်းအားထုတ်မှုတွေကနေတစ်ဆင့် Better Employee ကဏ္ဍမှာ ထူးချွန်ဆု ရရှိတဲ့အတွက်ကို အထူးပဲ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။

“လက်ရှိမှာတော့ ကျွန်တော်ဟာ ESG ဌာနမှာ Assistant ESG Manager အဖြစ် တာဝန်ထမ်းဆောင်နေပါတယ်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလကစပြီး ကုမ္ပဏီမှာ 'တစ်ခါသုံးပလတ်စတစ် အဆုံးသတ်ရေး' အစီအစဉ်ကို ကျွန်တော် အောင်မြင်စွာ ဦးဆောင်ခဲ့ပါတယ်။”





# လုပ်ဖော်ကိုင်ဖက်များနှင့် ပူပေါင်းဆောင်ရွက်ခြင်း

မြန်မာ့ဩဘာလုပ်ငန်းစုသည် မိမိတို့၏လုပ်ငန်းအားရေရှည်တည်တံ့နိုင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရန်အတွက် လုပ်ဖော်ကိုင်ဖက်များ၊ အထူးသဖြင့် ဖြန့်ဖြူးသူများနှင့် ကုန်စည်တင်သွင်းသူများအပေါ်တွင် အဓိက မှီခိုအားထားရပါသည်။ မြန်မာ့ဩဘာလုပ်ငန်းစု၏ ဖြန့်ဖြူးသူများသည် အဓိကကျသော အခန်းကဏ္ဍများတွင် ပါဝင်နေပြီး စိုက်ပျိုးထုတ်လုပ်သူ အသိုင်းအဝိုင်းများနှင့် မြန်မာ့ဩဘာလုပ်ငန်းစုအကြားတွင် အရေးပါသည့် ဆက်သွယ်ချက်တစ်ခုအနေဖြင့် ဆောင်ရွက်နေကြပါသည်။ သူတို့ကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်သူ အသိုင်းအဝိုင်း၏ တစ်စိတ်တစ်ပိုင်း ဖြစ်နေခြင်းဖြင့် ဖြန့်ဖြူးသူများသည် ဒေသအလိုက် ထုတ်ကုန်လိုအပ်ချက်များ အပါအဝင် တောင်သူဦးကြီးများ၏ လိုအပ်ချက်များကို နက်ရှိုင်းစွာ နားလည်သဘောပေါက်ထားကြပါသည်။ ဖြန့်ဖြူးသူများသည် ကွင်းဆင်းပူးပေါင်းဆောင်ရွက်လျက် တောင်သူဦးကြီးများ၏ လိုအပ်ချက်များကို အကဲဖြတ်ပေးပြီး မြန်မာ့ဩဘာလုပ်ငန်းစုအနေဖြင့် ၎င်းတို့အားမည်ကဲ့သို့ ပိုမိုကောင်းမွန်စွာ အထောက်အကူပြုနိုင်သည်ကို ဆက်သွယ်ပြောဆိုပေးပါသည်။ ဖြန့်ဖြူးသူများ၏ ထိုးထွင်းသိမြင်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကြောင့် မြန်မာ့ဩဘာလုပ်ငန်းစုသည် မိမိတို့၏ ဈေးကွက်အနေအထားကို အားကောင်းလာစေပြီး လုပ်ငန်းနယ်ပယ်တွင် ဦးဆောင်သူတစ်ဦးအဖြစ် ပေါ်ထွက်လာခဲ့ပါသည်။ ၂၀၂၆ ခုနှစ် ပထမနှစ်ဝက်တွင် မြန်မာ့ဩဘာလုပ်ငန်းစုသည် ဒေသအသီးသီးရှိ ဖြန့်ဖြူးသူ ၄,၂၈၀+ ကျော်နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး၊ ၂၀၂၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၁၂ ရာခိုင်နှုန်း လျော့နည်းသွားခဲ့ပါသည်။

လက်ရှိဖြစ်ပွားနေသော ပဋိပက္ခအခြေအနေများကြောင့်၊ မြန်မာ့ဩဘာလုပ်ငန်းစုသည် အချို့သောဒေသများတွင် မိမိတို့၏ ထုတ်ကုန်များကို တိုက်ရိုက်ဖြန့်ဖြူးနိုင်ခြင်း မရှိခဲ့ပါ။ ထို့အပြင် ထိုဒေသများတွင် လုပ်ကိုင်နေသော ဖြန့်ဖြူးသူအချို့ထံမှ ငွေပေးချေမှုများကိုလည်း မိမိတို့ အနေဖြင့် လက်ခံရရှိပြီးဖြစ်ပါသည်။ အဆိုပါ ဖြန့်ဖြူးသူများအား အထောက်အကူပြုနိုင်ရန်အတွက်၊ မြန်မာ့ဩဘာလုပ်ငန်းစုအနေဖြင့် နီးကပ်စွာ ထိတွေ့ဆက်ဆံလျက်ရှိပြီး လိုအပ်သည့်နေရာများတွင် ၎င်းတို့၏ ဘဏ္ဍာရေးဆိုင်ရာ စိန်ခေါ်မှုများကို သက်သာစေရန် ငွေပေးချေမှု ကောက်ခံခြင်းဆိုင်ရာ သတ်မှတ်ချက်များကို ပြုပြင်ညှိနှိုင်းပေးပါသည်။

မြန်မာ့ဩဘာလုပ်ငန်းစု၏ ထောက်ပံ့ကုန်စည်တင်သွင်းသူများသည်လည်း မိမိတို့၏ လုပ်ငန်းကို အဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်နေကြပါသည်။ တစ်ချိန်တည်းမှာပင်၊ကုန်စည်တင်သွင်းသူများ၏ လုပ်ငန်းဆောင်ရွက်မှုများအား ရေရှည်တည်တံ့စေရန်နှင့် ၎င်းတို့၏ လုပ်ငန်းများအပေါ် မှီခိုနေရသော သက်ဆိုင်သူများအား အပြုသဘောဆောင်သည့် သက်ရောက်မှုများ ဖန်တီးပေးနိုင်ရန်အတွက်လည်း မြန်မာ့ဩဘာလုပ်ငန်းစုသည် ၎င်းတို့အား ပြန်လည်ကူညီပံ့ပိုးပေးလျက်ရှိပါသည်။

မြန်မာ့ဩဘာလုပ်ငန်းစုသည် ထောက်ပံ့ရေးကွင်းဆက်တစ်လျှောက်တွင် ၂၀၂၅ ခုနှစ်၌ ထောက်ပံ့ကုန်စည်တင်သွင်းသူ ၄၃၇ ဦးနှင့်လည်းကောင်း၊ ၂၀၂၆ ခုနှစ် ပထမနှစ်ဝက်တွင် ၄၁၂ ဦးနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ၎င်းတို့အနက် ၂၀၂၅ ခုနှစ်တွင် ၈၅ ရာခိုင်နှုန်းနှင့် ၂၀၂၆ ပထမနှစ်ဝက်တွင် ၈၃ ရာခိုင်နှုန်းသည် ပြည်တွင်း ကုန်စည်တင်သွင်းသူများ ဖြစ်ပါသည်။ ပြည်တွင်း ကုန်စည်တင်သွင်းမှုအပေါ် မြန်မာ့ဩဘာလုပ်ငန်းစု၏ ခိုင်မာသော ကတိကဝတ်ကို ထင်ဟပ်စေသည့် အချက်မှာ ၂၀၂၅ ခုနှစ်တွင် စုစုပေါင်းအသုံးစရိတ်၏ ၈၈ ရာခိုင်နှုန်းခန့်ကို ပြည်တွင်းကုန်စည်တင်သွင်းသူများဆီမှ တိုက်ရိုက်အသုံးပြုခဲ့ပြီး ၂၀၂၆ ခုနှစ် ပထမနှစ်ဝက်တွင် ၈၈ ရာခိုင်နှုန်း အသုံးပြုခဲ့သည်။


လက်ရှိတွင် မြန်မာ့ဩဘာလုပ်ငန်းစုသည် ဖြန့်ဖြူးသူ ၄,၂၀၀ ကျော်နှင့် ထောက်ပံ့ကုန်စည်တင်သွင်းသူ ၄၁၂ ဦးတို့ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ မိမိတို့သည် ထောက်ပံ့ရေးကွင်းဆက် အတိုင်းအတာနှင့် ရှုပ်ထွေးမှုတို့ကြောင့်၊ လုပ်ဖော်ကိုင်ဖက်များအားလုံးတွင် တာဝန်ယူမှုရှိပြီး ရေရှည်တည်တံ့သော စီးပွားရေးအလေ့အထများကို အပြည့်အဝ ထည့်သွင်းနိုင်ရန် ဆန်းသစ်သော အစပျိုးလုပ်ဆောင်မှုများကို ကျယ်ပြန့်စွာ အကောင်အထည်ဖော်ရန် မလုပ်ဆောင်နိုင်သေးပါ။

သို့ရာတွင် မြန်မာ့ဩဘာလုပ်ငန်းစု၏ ထောက်ပံ့ရေးကွင်းဆက်အတွင်း ရေရှည်တည်တံ့မှုသည် အလွန်အရေးကြီးဆဲဖြစ်ကြောင်း အသိအမှတ်ပြုပါသည်။ နောက်တစ်ဆင့်အနေဖြင့်၊ မြန်မာ့ဩဘာလုပ်ငန်းစုသည် ဖြန့်ဖြူးသူများနှင့် ထောက်ပံ့ကုန်စည်တင်သွင်းသူများကို မိမိတို့၏ ကျယ်ပြန့်သော ရေရှည်တည်တံ့မှုဆိုင်ရာ ကတိကဝတ်များတွင် ပေါင်းစည်းနိုင်သည့် ရှင်းလင်းသော ပန်းတိုင်များ ချမှတ်ရန် ရည်ရွယ်ထားပါသည်။





“မြန်မာ့ဩဘာလုပ်ငန်းစုသည် မိမိတို့၏လုပ်ငန်းအားရေရှည်တည်တံ့နိုင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရန်အတွက် လုပ်ဖော်ကိုင်ဖက်များ၊ အထူးသဖြင့် ဖြန့်ဖြူးသူများနှင့် ကုန်စည်တင်သွင်းသူများအပေါ်တွင် အဓိက မှီခိုအားထားရပါသည်။”

**Evolution of our distributors**




**Evolution of our expenditure on local suppliers**




# သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကန့်သတ်ခြင်း

မြန်မာ့ဩဘာလုပ်ငန်းစု၏ လုပ်ငန်းများ အထူးသဖြင့် ထုတ်လုပ်ရေး လုပ်ငန်းများသည် သဘာဝအရင်းအမြစ်များ အပေါ်တွင် များစွာ မှီခိုအားထားရပါသည်။ တစ်ချိန်တည်းမှာပင်၊ ရာသီဥတုပြောင်းလဲမှုများသည် မိမိတို့၏ ဖောက်သည်များ၊ အထူးသဖြင့် တောင်သူဦးကြီးများနှင့် ဒေသခံအသိုင်းအဝိုင်းများ၏ အသက်မွေးဝမ်းကြောင်း အပေါ်သို့ တိုက်ရိုက်သက်ရောက်မှုရှိခဲ့ပါသည်။ အကြောင်းမှာ မြန်မာနိုင်ငံသည် ကမ္ဘာတစ်ဝန်းတွင် ရာသီဥတု ပြောင်းလဲမှုဒဏ်ကို အခံရဆုံးနိုင်ငံများထဲတွင် ပါဝင်သောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများကို စီမံခန့်ခွဲခြင်းသည် မြန်မာ့ဩဘာလုပ်ငန်းစု၏ အဓိကဦးစားပေး လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။

နိုင်ငံတကာ စံနှုန်းများနှင့် အပြည့်အဝ ကိုက်ညီစေရန် မိမိတို့၏ ကျင့်သုံးမှုများကို မြှင့်တင်ခြင်းသည် စိန်ခေါ်မှု တစ်ရပ်အဖြစ် ရှိနေဆဲဖြစ်ပါသည်။ အကြောင်းမှာ မြန်မာ့ဩဘာလုပ်ငန်းစုသည် စွန့်ပစ်ပစ္စည်း လျှော့ချရေးနှင့် စွမ်းအင်သုံးစွဲမှုတွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသောကြောင့်ဖြစ်ပါသည်။ အထူးသဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် စွန့်ပစ်ပစ္စည်း စုဆောင်းမှုစနစ် အားနည်းနေသေးသော မြန်မာနိုင်ငံ၌ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုသည် မြန်မာ့ဩဘာလုပ်ငန်းစု၏ စက်မှုလုပ်ငန်းအတွက် အရေးပါသော အစိတ်အပိုင်းတစ်ခုအဖြစ် ရှိနေဆဲဖြစ်ပါသည်။ ထို့အပြင် စွမ်းအင်သုံးစွဲမှု လျှော့ချရန်အတွက် လျှပ်စစ်ဓာတ်အား အကန့်အသတ်ဖြင့်သာ ရရှိနိုင်သောကြောင့် မြန်မာ့ဩဘာလုပ်ငန်းစုသည် ရေတိုလျှပ်စစ်ဓာတ်အား ပြတ်လပ်မှုကို ဖြေရှင်းရန် အများအားဖြင့် မီးစက်များကို မှီခိုအားထားနေရပါသည်။

သို့ဆိုစေကာမူ၊ မြန်မာ့ဩဘာလုပ်ငန်းစု၏ လုပ်ငန်းဆောင်ရွက်မှုများသည် ISO 14001:2015 နှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန (ECD) မှ ချမှတ်ထားသော လမ်းညွှန်ချက်များ အပါအဝင် လုပ်ငန်းဆိုင်ရာ နှင့် ဒေသဆိုင်ရာသတ်မှတ်ထားသော လိုအပ်ချက်များနှင့်လည်း ကိုက်ညီပါသည်။ မိမိတို့အတွက်၊ ဒေသဆိုင်ရာ စံနှုန်းများကို လိုက်နာခြင်းသည် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာရုံမျှသာ မဟုတ်ဘဲ၊ ပတ်ဝန်းကျင် ကို ကာကွယ်စောင့်ရှောက်ရန်နှင့် လုပ်ငန်းလုပ်ဆောင်မှုများကြောင့် ဖြစ်ပေါ်သော ပတ်ဝန်းကျင်အပေါ် ဆိုးကျိုး သက်ရောက်မှုကို အနည်းဆုံးသို့ လျှော့ချရန် မိမိတို့၏ ကတိကဝတ်ကို ထင်ဟပ်စေပါသည်။

၂၀၂၄ ခုနှစ်မှစတင်၍ မြန်မာ့ဩဘာလုပ်ငန်းစုသည် မိမိတို့၏ စွန့်ပစ်ပစ္စည်းထုတ်လုပ်မှုကို အဆက်မပြတ် လျှော့ချလာခဲ့ပါသည်။ မိမိတို့၏ ရေဆိုးသန့်စင်သည့် စက်ရုံမှတစ်ဆင့် အန္တရာယ်မရှိသော အရည်စွန့်ပစ်ပစ္စည်း များကို ဖယ်ရှားနိုင်ခဲ့ပြီး ထုတ်လုပ်မှုအတွင်း ထွက်ရှိ လာသော အန္တရာယ်ရှိသည့် အရည်စွန့်ပစ်ပစ္စည်း ၁၀၀ ရာခိုင်နှုန်းကို စနစ်တကျ သန့်စင်ကြောင်း သေချာစေခဲ့ ပါသည်။





၂၀၂၅ ခုနှစ်တွင် စုစုပေါင်း စွန့်ပစ်ပစ္စည်း ပမာဏ မှာ တန်ချိန် ၂၇၅ ရှိခဲ့ပြီး ၂၀၂၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါ က ၅၂ ရာခိုင်နှုန်း လျှော့ချနိုင်ခဲ့သည်။ ထို့အပြင် မြန်မာ့ဩဘာလုပ်ငန်းစုသည် စွန့်ပစ်ပစ္စည်း၏ ၅၃ ရာခိုင်နှုန်း ကို အဓိကအားဖြင့် ထုပ်ပိုးမှုဆိုင်ရာ ပစ္စည်းများအဖြစ် ပြန်လည်အသုံးပြုခဲ့ပြီး၊ ၄၄ ရာခိုင်နှုန်းအား အမှိုက် ပုံများတွင် စနစ်တကျ စွန့်ပစ်ခဲ့ကာ ၃ ရာခိုင်နှုန်းကို ပြန်လည်ရယူအသုံးပြုခဲ့သည်။ ၂၀၂၆ ခုနှစ်၊ ပထမနှစ် ဝက်တွင် စွန့်ပစ်ပစ္စည်း တန်ချိန်ပေါင်း ၁၉၈ ထုတ်လုပ် ခဲ့ပါသည်။

ရလဒ်အနေဖြင့်၊ မိမိတို့၏ စွန့်ပစ်ပစ္စည်း ထုပ်လုပ်မှု နှုန်းထားသည် ၂၀၂၄ ခုနှစ်တွင် ၀.၂ ရှိရာမှ၊ ၂၀၂၅ ခု နှစ်နှင့် ၂၀၂၆ ခုနှစ် ပထမနှစ်ဝက်တွင် ၀.၁ သို့ ကျဆင်း လာခဲ့ပါသည်။




အခြားတစ်ဖက်တွင်မူ၊ မြန်မာ့ဩဘာလုပ်ငန်းစုသည် ၂၀၂၅ ခုနှစ်တွင် ကုန်ကြမ်းတန်ချိန် ၅၇,၀၆၅ နှင့် ၂၀၂၆ ခုနှစ် ပထမနှစ်ဝက်တွင် တန်ချိန်ပေါင်း ၁၆၂,၇၀၃ အား အသုံးပြုခဲ့ပါသည်။ ထိုကုန်ကြမ်းများ၏ ၈၀ ရာခိုင်နှုန်း ကျော်သည် အန္တရာယ်ရှိသော ပစ္စည်းများဖြစ်ပြီး ပြည်ပ မှ တင်သွင်းခဲ့ခြင်းဖြစ်ပါသည်။




၂၀၂၂ ခုနှစ်မှစတင်၍ မြန်မာ့ဩဘာလုပ်ငန်းစုသည် သွင်းကုန်များနှင့် ပတ်သက်ပြီး ဆက်လက်ဖြစ်ပွားနေသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ ထိုစိန်ခေါ်မှုများသည် မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို ဆက်လက် သက် ရောက်မှုရှိနေပါသည်။ ရလဒ်အနေဖြင့်၊ ၂၀၂၅ ခုနှစ်တွင် လုံလောက်သော ပမာဏကို တင်သွင်းနိုင်ခြင်း မရှိခဲ့ပါ။ ၎င်းကို ဖြေရှင်းရန်အတွက်၊ မြန်မာ့ဩဘာလုပ်ငန်းစုသည် ၂၀၂၆ ခုနှစ် ပထမနှစ်ဝက်တွင် ဝယ်ယူမှုများ တိုးမြှင့်ခဲ့ပြီး သိုလှောင်မှု မြှင့်တင်ခဲ့ရာ၊ ယင်းကာလအတွင်း ကုန်ကြမ်း ဝယ်ယူမှုများ သိသိသာသာ မြင့်တက်လာစေခဲ့ပါသည်။

၂၀၂၄ ခုနှစ်တွင် မြန်မာ့ဩဘာလုပ်ငန်းစု၏ စွမ်းအင် သုံးစွဲမှုသည် သိသိသာသာ မြင့်တက်လာခဲ့ပြီး ၂၄.၃ GWh [၅] သို့ ရောက်ရှိခဲ့သည်။ ၂၀၂၅ ခုနှစ်တွင် သုံးစွဲမှုသည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၄ ရာခိုင်နှုန်း လျော့ကျလာ ကာ ၂၃.၃ GWh သို့ ရောက်ရှိခဲ့ပါသည်။




- ၎င်းအနက် ၅၄ ရာခိုင်နှုန်းအား ဒီဇယ်ဆီမှလည်းကောင်း၊ ၇ ရာခိုင်နှုန်းအား ဓာတ်ဆီမှလည်းကောင်း အသုံးပြု ခဲ့ပါသည်။ အကြောင်းမှာ လယ်ယာနှင့်စိုက်ပျိုးရေး ခြံများထံသို့ ကွင်းဆင်းမှုများ ပြန်လည်ပြုလုပ်ခဲ့ခြင်း ကြောင့် ဖြစ်ပါသည် ။
- မြန်မာ့ဩဘာလုပ်ငန်းစု လျှပ်စစ်ဓာတ်အားသုံးစွဲမှု စုစုပေါင်းသည် ၃၉ ရာခိုင်နှုန်းရှိပြီး၊ ၎င်းအနက် ၈ ရာခိုင်နှုန်းကို ဓာတ်အားလိုင်းမှ ရရှိကာ ၃၁ ရာခိုင်နှုန်း ကို ကိုယ်တိုင်ထုတ်လုပ်သည့်စနစ်ဖြင့် ရရှိခဲ့ပါသည်။ ဓာတ်အားလိုင်း လျှပ်စစ်ရရှိနိုင်မှု အကန့်အသတ်ကြောင့် မကြာသေးမီက မိမိတို့သည် လုပ်ငန်းများ အနှောင့် အယှက်မရှိ ဆောင်ရွက်နိုင်ရန် ဂျင်နရေတာများကို အဓိကမှီခိုအားထားခဲ့ရပါသည်။

လာမည့်နှစ်များတွင် မြန်မာ့ဩဘာလုပ်ငန်းစုသည် နေရောင်ခြည်စွမ်းအင်ကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင် ရင်းမြစ်များသို့ ကူးပြောင်းခြင်းဖြင့် မီးစက်များအပေါ် မှီခိုမှုကို လျှော့ချရန် စွမ်းအင်ဆိုင်ရာ အကဲဖြတ်မှုများကို ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ရန် စီစဉ်ထားပါသည်။

၅။ မှတ်ချက်။ ယခင်နှစ်အစီရင်ခံစာတွင် ၂၀၂၄ ခုနှစ်အတွက် စုစုပေါင်းစွမ်းအင်သုံးစွဲမှုကို ၂၅,၆၁၆,၇၆၄ kWh အဖြစ် ဖော်ပြထားခဲ့ပါသည်။ သို့သော် ၂၀၂၄ ခုနှစ်အတွက် ပြန်လည်ပြင်ဆင်ပြီးနောက် တိကျသော စုစုပေါင်း စွမ်းအင်သုံးစွဲမှုမှာ ၂၄,၃၃၅၅,၃၂၅ kWh ဖြစ်ပါသည်။

> “လက်ရှိတွင် မြန်မာ့ဩဘာလုပ်ငန်းစုသည် နေရောင်ခြည်စွမ်းအင်သုံး အစီအစဉ်များစွာကို အကောင်အထည်ဖော်ပြီးဖြစ်ပြီး မိမိတို့၏ ထုတ်လုပ်မှုနေရာများတွင် စွန့်ပစ်ပစ္စည်းမှ စွမ်းအင်ထုတ်လုပ်သည့် ဖြေရှင်းနည်းများကိုလည်း အသုံးပြုလျက်ရှိပါသည်။”

လက်ရှိတွင် မြန်မာ့ဩဘာလုပ်ငန်းစုသည် နေရောင်ခြည်စွမ်းအင်သုံး အစီအစဉ်များစွာကို အကောင်အထည်ဖော်ပြီးဖြစ်ပြီး မိမိတို့၏ ထုတ်လုပ်မှုနေရာများတွင် စွန့်ပစ်ပစ္စည်းမှ စွမ်းအင်ထုတ်လုပ်သည့် ဖြေရှင်းနည်းများကိုလည်း အသုံးပြုလျက်ရှိပါသည်။

- မော်ဘီထုတ်လုပ်ရေးစက်ရုံတွင် ဆိုလာယူနစ် ၁၅၀ ပါဝင်သော စနစ်တစ်ခုကို တပ်ဆင်ထားပြီး၊ အခြားစက်ရုံများတွင်မူ လက်ရှိတွင် ဆိုလာစွမ်းအင်ကို စက်ရုံလုံခြုံရေး စနစ်များအတွက်သာ အသုံးပြုလျက်ရှိပါသည်။ လုပ်ငန်းဆောင်ရွက်မှုအားလုံး အပြည့်အဝ ဖုံးလွှမ်းနိုင်ရန် ဆိုလာစွမ်းအင်ကို တိုးချဲ့ခြင်းသည် မြေရှင်များနှင့် ဆက်လက်ညှိနှိုင်းရန် လိုအပ်နေခြင်းနှင့် အဆောက်အအုံခေါင်မိုးများ၏ တည်ဆောက်မှုဆိုင်ရာ ခံနိုင်ရည်အား ကန့်သတ်ချက်များကြောင့် စိန်ခေါ်မှုအဖြစ် ဆက်လက်ရှိနေပါသည်။
- GEOS လုပ်ငန်းဆောင်ရွက်ရာနေရာတွင်၊ မိမိတို့သည် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်အတွက် ဓာတ်အားလိုင်းမှ လျှပ်စစ်နှင့် အပူထုတ်လုပ်ရန်အတွက် ဆန်စပါးခွံပုံစံ ဇီဝလောင်စာတို့ အပါအဝင် စွမ်းအင်ရင်းမြစ်များကို ရောနှောအသုံးပြုပါသည်။ ထို့အပြင် ဓာတ်အားလိုင်းပေါ် မှီခိုမှုကို ပိုမိုလျှော့ချရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး စနစ်တစ်ခုကိုလည်း အကောင်အထည်ဖော်ရန် စီစဉ်ထားပါသည်။

နေရောင်ခြည်စွမ်းအင်သည် မြန်မာ့ဩဘာလုပ်ငန်းစု၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လိုအပ်ချက်များကို အပြည့်အဝ ဖြည့်ဆည်းရန် လက်ရှိအချိန်တွင် ကန့်သန့်ချက်များနှင့် လုံလောက်မှုမရှိသေးသော်လည်း၊ ဒီဇယ်အပေါ် မှီခိုမှုကို အနည်းဆုံးဖြစ်အောင် လျှော့ချရန်အတွက် မိမိတို့၏ စွမ်းအင်သုံးစွဲမှုကို အနီးကပ် စောင့်ကြည့် အကဲဖြတ်သွားမည်ဖြစ်ပါသည်။

